ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)
ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
၁၃၈၃ ခု၊ ဝါဆိုလပြည့်ကျော်( ၁၀ )ရက်
၂၀၂၁ ခုနှစ်၊ ဩဂုတ်လ( ၂ )ရက်

## အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချမည့် ကြော်ငြာစာအမှတ်( ၅ / ၂၀၂၁)

၁။ ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၁-၂၀၂၂ **Mini Budget** (၂၀၂၁ခုနှစ် အောက်တိုဘာလ(၁)ရက်မှ ၂၀၂၂ခုနှစ် မတ်လ(၃၁)ရက်အထိ (၆)လတာကာလ)အတွက်မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်အား **BOT** စနစ်ရရှိသော ကုမ္ပဏီများအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ သားသတ်လိုင်စင်များအားအညီအမျှခွဲဝေချထားပေးခြင်းစနစ်ဖြင့်လည်းကောင်း၊ အပေါင်ဆိုင်လိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ ကျန်အခွင့်အရေးလိုင်စင်များအားဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါ၍လေလံစည်းကမ်းညွှန်ကြားချက်များနှင့်ညီညွတ်သူမြန်မာနိုင်ငံသား မည်သူမဆိုလာရောက်ဆွဲဝယ်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည် -

| စဉ် | ရောင်းချမည့် အစီအစဉ် | အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့်နေ့ရက်သတ်မှတ်ချက် | အရပ်ရပ်အခွင့်အရေးလိုင်စင်များ မှတ်ပုံတင်ရမည့်နေ့ရက်သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပထမအကြိမ် | ၁၆-၈-၂၀၂၁ (တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ | ၁၃-၈-၂၀၂၁ (သောကြာနေ့) နေ့လည် (၁၂:၀၀)နာရီ | |
| ၂။ | ဒုတိယအကြိမ် | ၂၃-၈-၂၀၂၁ (တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ | ၂၀-၈-၂၀၂၁ (သောကြာနေ့) နေ့လည် (၁၂:၀၀)နာရီ | |
| ၃။ | တတိယအကြိမ် | ၃၀-၈-၂၀၂၁ (တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ | ၂၇-၈-၂၀၂၁ (သောကြာနေ့) နေ့လည် (၁၂:၀၀)နာရီ | |
| ၄။ | ချိတ်ပိတ်တင်ဒါ | ၆-၉-၂၀၂၁ (တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ | ၃-၉-၂၀၂၁ (သောကြာနေ့) နေ့လည် (၁၂:၀၀)နာရီ | |
| ၅။ | အခြားနည်း | ၁၃-၉-၂၀၂၁ (တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ | ၁၀-၉-၂၀၂၁(သောကြာနေ့) နေ့လည် (၁၂:၀၀)နာရီ | |

လေလံရောင်းချမည့်နေရာ - ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး။

၂။ ၂၀၂၁-၂၀၂၂ **Mini Budget** (၂၀၂၁ခုနှစ် အောက်တိုဘာလ(၁)ရက်မှ ၂၀၂၂ခုနှစ် မတ်လ(၃၁)ရက်အထိ (၆)လတာကာလ)အတွက် လိုင်စင်ဆွဲဝယ်သူသည် ပေါင်းတည်မြို့၊မြန်မာ့စီးပွားရေးဘဏ်တွင် ပုဂ္ဂလိကစာရင်းရှင်အပ်ငွေဖွင့်လှစ်၍ စားပွဲတင်အာမခံငွေအဖြစ် ပေးသွင်းရမည့် ငွေရပ်ပါအတိုင်း အမှုဆောင်အရာရှိ၊ ရာထူးအမည်ဖြင့် ရေးသားထားသောငွေထုတ်ယူခွင့် အမိန့် **(P.O.P)(Payment Order Private** )ကို လေလံလျှောက်လွှာနှင့်အတူ စားပွဲတင် အာမခံ ငွေ တင်သွင်းမှုအထောက်အထားအဖြစ် တင်ပြရမည်။ နောက်ကျ တင်သွင်းသည့် လျှောက်လွှာနှင့် စားပွဲတင်အာမခံငွေ**(P.O.P) (Payment Order Private)**များအား လက်ခံစဉ်းစား မည် မဟုတ်ပါ။

၃။ လေလံကြေးကျပ်(၂၀)သိန်းနှင့်အောက်လိုင်စင်များအနေဖြင့် အကြေပေးသွင်းရမည်။

၄။ လေလံမအောင်မြင်သူများ၏အာမခံအပ်ငွေများကို လေလံပွဲပြီးဆုံးပြီး(၁၀)ရက်ကြာမှ ပြန်လည် ထုတ်ပေးမည် ဖြစ်သည်။ လေလံအောင်မြင်သူများ၏ အာမခံငွေ(၁၀ပုံ ၁ပုံ)အား လေလံစည်းကမ်းနှင့်အညီ ပေးသွင်းရမည်ဖြစ်ပြီး၊ လေလံကြေး(၅ပုံ ၁ပုံ) သို့မဟုတ် အကြေ သို့မဟုတ် တိုင်းဒေသကြီးပြင်ပ (၅၀%)တို့အား ၂၀၂၁-၂၀၂၂ **Mini Budget** (၂၀၂၁ခုနှစ် အောက်တိုဘာလ(၁)ရက်မှ ၂၀၂၂ခုနှစ် မတ်လ(၃၁)ရက်အထိ (၆)လတာကာလ)စတွင် (၈-၁၀-၂၀၂၁)ရက်နေ့ နောက်ဆုံးထားပေးသွင်းရမည်။ အရစ်ကျလိုင်စင်ကြေးများအတွက် တိုင်းဒေသကြီးအတွင်း ဆွဲဝယ်သူဖြစ်ပါက(၄)ရစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးပြင်ပမှဆွဲဝယ်သူဖြစ်ပါက (၂)ရစ် ဖြင့်လည်းကောင်း အကြေပေးသွင်းရမည်။

၅။ လေလံဆွဲဝယ်သူသည် အောက်ပါအချက်များအားလုံးနှင့်ကိုက်ညီမှသာလေလံဆွဲဝယ်ခွင့်ရှိရမည်-
(က) လေလံစည်းကမ်း၊ ညွှန်ကြားချက်များနှင့်ညီညွတ်သူ မြန်မာနိုင်ငံသားဖြစ်ရမည်။ အိမ်ထောင်စုလူဦးရေ(လဝကပုံစံ၆၆/၆)စာရင်းမူရင်းကိုပါတင်ပြနိုင်သူဖြစ်ရမည်။
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းကိုတင်ပြနိုင်သော အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။
(ဂ) စည်ပင်သာယာရေးဆိုင်ရာ အခွန်၊ အခ၊ ကြွေးကျန်မရှိသူဖြစ်ရမည့်အပြင် အမှုအခင်းနှင့် ပြဿနာကင်းရှင်းသူဖြစ်ရမည်။

၆။ ကိုယ်စားလှယ်လွှဲစာ **(Special Power)**ဖြင့်လွှဲအပ်တင်ပြခြင်းအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အောက်ပါပုဂ္ဂိုလ်များအား လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ -
(က) နာမည်ပျက်စာရင်းတင်သွင်းကြေညာ၍သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် လေလံဆွဲဝယ်ခွင့်ပိတ်ပင်ခံထားရသူများ၊၎င်းနှင့်အတူနေအိမ်ထောင်စုစာရင်းဝင်ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း လိုင်စင်ပိတ်သိမ်းခံရသူများ၊
(ခ) လေလံရောင်းချချိန်တွင် လိုင်စင်အရစ်ကျငွေနှင့် ရက်လွန်ဒဏ်ကြေးပေးဆောင်ရန်နှင့် အခြားအခွန်၊အခကြွေးကျန်ရှိသူများ၊
(ဂ) စည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့်စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသူများ။

၈။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်များပူးတွဲတင်ပြရမည် -
(က) လိုင်စင်လျှောက်ထားသူ၏ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ။
(ခ) အခွန်ကြွေးကျန် ကင်းရှင်းကြောင်းနှင့် အမည်ပျက် စာရင်းတင်သွင်း ကြေညာခံရသူ မဟုတ်ကြောင်းသက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်၊
(ဂ) စားပွဲတင်အာမခံတင်သွင်းထားသည့် အထောက်အထား ငွေထုတ်ယူခွင့်အမိန့် **(P.O.P) (Payment Order Private)**
(ဃ) သက်ဆိုင်ရာလိုင်စင်တစ်ခုချင်းစီအတွက် ကြမ်းခင်းဈေးတန်ဘိုးထက် လျော့နည်းခြင်းမရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း(အဆောက်အဦ၊ အိမ်၊ မြေ)နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများ (အိမ်၊ မြေ၊ ဂရံစသည့်မူရင်းအထောက်အထားများ) (သို့မဟုတ်) ဆွဲဝယ်ရရှိသူပိုင် ငွေစုလက်မှတ်မူရင်း၊ငွေစုစာအုပ်မူရင်း၊
(င) အာမခံတင်သွင်းသည့် (အဆောက်အဦ၊ အိမ်၊ မြေ)၏ရှေ့/နောက်ဝဲ/ယာဓါတ်ပုံ(၄)ပုံ၊
(စ) မြေပိုင်ဆိုင်ကြောင်းအဆောက်အဦ၊ မြေတည်ရှိရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဆ) သက်ဆိုင်ရာမြို့နယ်၏ ပြည်တွင်းအခွန်ဦးစီးဌာနမှ အခွန်ကြွေးကျန် ကင်းရှင်းကြောင်း ထောက်ခံချက်၊

(ဇ) သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ "ကန့်ကွက်ဖိုးဖြတ်အဖွဲ့"၏ စိစစ်တင်ပြချက်အပေါ် အမှုဆောင်အရာရှိထောက်ခံချက်ပါ အိမ်၊ မြေ၊ အဆောက်အဦ၏ကာလတန်ဖိုး စိစစ်ချက်၊

(ဈ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်။

(ည) လျှောက်လွှာ(၁)စောင်လျှင် (၁၅၀၀၀/-)(ကျပ်တစ်သောင်းငါးထောင်တိတိ)ဖြင့်ဝယ်ယူရမည်။

၉။ လေလံဆွဲဝယ်စဉ်အတွင်း လေလံဈေးနှုန်းမြင့်တက်လာ၍ လိုအပ်သည့်စားပွဲတင်အာမခံငွေကို ထပ်မံပေးသွင်း ရန် လေလံတင်ရောင်းချရေးအဖွဲ့က ထပ်မံညွှန်ကြားလာပါက လိုအပ်သောငွေကိုငွေသားဖြင့်ထပ်မံတင်သွင်းရမည်။ တင်သွင်းနိုင်ခြင်းမရှိပါက လေလံဆွဲဝယ်ခွင့် ပယ်ဖျက်ခြင်းခံရမည့်အပြင် တင်သွင်းထားသည့်စားပွဲတင်အာမခံငွေအား သိမ်းယူခြင်းခံရမည်။

၁၀။ အခွင့်အရေးလိုင်စင်များ တစ်ခုချင်းရောင်းချခြင်းကို လေလံဆွဲဝယ်ခွင့်လျှောက်လွှာအမည်စာရင်း တင်သွင်းသူ ကိုယ်တိုင် ဆွဲဝယ်ရမည်။ မည်သည့်အကြောင်းပြချက်နှင့်မျှ ကိုယ်စားလှယ်ဖြင့်ဆွဲဝယ်ခွင့်ပြုမည် မဟုတ်ပါ။ အမှန်တကယ်ဆွဲဝယ်လုပ်ကိုင်မည့်သူများအား ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ဝင်ရောက်ဆွဲဝယ်ခြင်းကိုမူ ခွင့်ပြုမည် မဟုတ်သည့်အပြင် တွေ့ရှိက အလုပ်ဝတ္တရားနှောင့်ယှက်မှုဖြင့် အရေးယူခြင်းခံရမည်။

၁၁။ အခွင့်အရေးလုပ်ငန်းလိုင်စင်များအား လိုင်စင်တစ်ခုချင်းအလိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊သက်တမ်းတိုးစနစ်ဖြင့်သော်လည်းကောင်း၊ တိုက်ရိုက်အညီအမျှခွဲဝေ ရောင်းချစနစ်ဖြင့် လည်းကောင်း၊ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ပါသည်။ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်မှတစ်ပါး မည်သည့်ပုဂ္ဂိုလ်အသင်းအဖွဲ့ကိုမျှ တိုက်ရိုက်ရောင်းချခြင်း မပြုပါ။

၁၂။ လေလံဆွဲဝယ်ခွင့်လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန်အတွက် လေလံခန်းမအတွင်း ဝင်ရောက်ခြင်းမရှိသူများအားလည်းကောင်း၊ လေလံခန်းမအတွင်း လေလံတစ်ခုချင်းစီအား (၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊တင်သွင်းထားသောစားပွဲတင်အာမခံငွေကို အဖွဲ့ပိုင်အဖြစ်သိမ်းယူပြီး၊ အမည်ပျက် စာရင်းတင်သွင်းသွားမည်။ သို့ရာတွင် (၃)ကြိမ်မပြည့်မီ ယှဉ်ပြိုင်ဆွဲဝယ်မည့်လေလံကြေးသည် ကြမ်းခင်းဈေး၏ (၅၀%)အထိမြင့်တက်ပါက (၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်ခြင်းကို ကင်းလွတ်ခွင့်ပြုမည်။

၁၃။ လေလံယှဉ်ပြိုင်ဆွဲဝယ်နေစဉ်တွင် ပန်းကြေးရယူကြောင်းထင်မြင်ယူဆပါက လေလံရောင်းချရေးအဖွဲ့ အနေဖြင့် လေလံရောင်းချခြင်းအားပယ်ဖျက်ပြီး နောက်တစ်ကြိမ် ပြန်လည်ရောင်းချသွားမည်။ ယင်းသို့ဆောင်ရွက်ချက်ကို လေလံအမှုတွဲ တွင်မှတ်တမ်းတင်ထားရှိမည်။

၁၄။ လေလံယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူတောင်းခံကြောင်း တိကျစွာဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူနှင့် ပန်းကြေး ရယူသူနှစ်ဦးစလုံးအား လေလံဆွဲဝယ်ခွင့်ရုတ်သိမ်းပြီး၊ ၎င်းတို့အသီးသီး တင်သွင်းထားသော စားပွဲတင် အာမခံငွေများကို အဖွဲ့ပိုင်အဖြစ်သိမ်းယူမည်။ ထို့ပြင် ၎င်းတို့အား နာမည်ပျက်စာရင်းတင်သွင်းကြေညာမည်။ လေလံချထားပြီးဖြစ်ပါက လေလံကိုပြန်လည် ရုတ်သိမ်း၍ အသစ်တစ်ဖန် ပြန်လည်ရောင်းချမည်။

၁၅။ လေလံဆွဲဝယ်ယှဉ်ပြိုင်သူတစ်ဦးတစ်ယောက်သည် လေလံဆွဲဝယ်ရရှိသည့်တိုင် ၎င်းအနေဖြင့် လေလံဆွဲဝယ်ရာတွင် သတ်မှတ်ထားသောလေလံစည်းကမ်းနှင့်မကိုက်ညီဘဲ မမှန်မကန်လိမ်လည်၍ ဆွဲဝယ်ရရှိခြင်းဖြစ်ကြောင်း ခိုင်လုံစွာစစ်ဆေးတွေ့ရှိရပါက လေလံချထားခြင်းကို ပြန်လည်ရုပ်သိမ်း၍ စည်းကမ်းနှင့်အညီ ပြန်လည်လေလံရောင်းချမည်။ ထို့အပြင် တင်သွင်းထားသော အာမခံငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူ၍ အမည်ပျက်စာရင်း တင်သွင်းသတ်မှတ်မည်။

၁၆။ လေလံရောင်းချသည့်နေ့တွင် မပြီးစီးဘဲကျန်နေပါက နောက်တစ်ရက်တွင် ဆက်လက် ရောင်းချမည်ဖြစ်ပါသည်။

၁၇။ လေလံစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ပေါင်းတည်မြို့၊ ဖုန်းအမှတ်၊ ၀၅၃-၃၈၀၅၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှုဆောင်အရာရှိ
(ကျော်စွာလင်း၊လက်ထောက်ညွှန်ကြားရေးမှူး)

စာအမှတ်၊ ၂၀၀၆ / ယ-၂ / ပတ-၂ (၀၀၁)
ရက် စွဲ ၊၂၀၂၁ခုနှစ်၊ ဩဂုတ်လ ( ၂ )ရက်

<u>ဖြန့်ဝေခြင်း</u>

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအားလုံး ( ------------------- မြို့ )
အုပ်ချုပ်ရေးမှူး(ရွှေ(၁)/ရွှေ(၂)/အုပ်ဖို(၁)/အုပ်ဖို(၂)/မင်းကွက်(၁)/မင်းကွက်(၂)/မင်းကွက်(၃)/နွယ်သို(၁)/နွယ်သို(၂)/ဟသ်ာကန်/ပျဉ်းပင်ကန်/ဘွဲ့ပင်ကန်)ရပ်ကွက်
ကျေးရွာအုပ်ချုပ်ရေးမှူး၊ ------------------------ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ပေါင်းတည်မြို့နယ်
လေလံဆွဲဝယ်သူများနှင့် လေလံဆွဲဝယ်လေ့ရှိသူများ(အားလုံး)
မြို့မဈေး၊ ရွှေတည်ဈေး ၊မြို့သစ်ဈေး(ကြော်ငြာသင်ပုန်းတွင် ကြော်ငြာရန်)
------------------------------------------------------------

မိတ္တူကို

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပြည်မြို့
ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပေါင်းတည်မြို့
ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ပေါင်းတည်မြို့
ဌာနဆိုင်ရာအကြီးအကဲများအားလုံး၊ ပေါင်းတည်မြို့ (ထံသိသာပါရန်နှင့် မိမိဌာန ကြော်ငြာသင်ပုန်းတွင်ကြော်ငြာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်) ----------------------------ဌာန
--------------------------------------------------လိုင်စင်အမှုတွဲ
--------------------------------------------------
ရုံးလက်ခံ
မျှော

ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၁-၂၀၂၂ **Mini Budget** (၂၀၂၁ခုနှစ် အောက်တိုဘာလ(၁)ရက်မှ ၂၀၂၂ခုနှစ် မတ်လ (၃၁)ရက်အထိ (၆)လတာကာလ)အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များ

| စဉ် | လိုင်စင်အမျိုးအစား | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| | သားသတ်လုပ်ငန်းများ | | | |
| ၁ | မြို့မဈေးအမဲဆိုင် | ၁၂၁၀၀၀၀/- | ၆၀၅၀၀၀/- | အမဲသားသတ်လိုင်စင်၊ဝက်သားသတ်လိုင်စင်၊ ဆိတ်သားသတ်လိုင်စင်များအမျိုးအစားအလိုက် တစ်ပေါင်းတည်း ပူးပေါင်း၍ အညီအမျှခွဲဝေချထားစနစ်ဖြင့် ရောင်းချပါမည် |
| ၂ | ရွှေတည်ဈေးအမဲဆိုင် | ၅၃၂၄၀၀၀/- | ၂၆၆၂၀၀၀/- | |
| ၃ | မှတ်တိုင်အမဲဆိုင် | ၈၀၀၀၀၀/- | ၄၀၀၀၀၀/- | |
| ၄ | ဘုရားငါးဆူအမဲဆိုင် | ၁၅၁၀၀၀/- | ၇၅၅၀၀/- | |
| ၅ | ကြာနီကန်အမဲဆိုင် | ၃၇၃၀၀၀/- | ၁၈၆၅၀၀/- | |
| ၆ | သဖန်းကုန်းအမဲဆိုင် | ၁၂၀၀၀၀/- | ၆၀၀၀၀/- | |
| ၇ | မြို့မဈေးဝက်ဆိုင် | ၆၃၉၁၀၀၀/- | ၃၁၉၅၅၀၀/- | |
| ၈ | ရွှေတည်ဈေးဝက်ဆိုင် | ၁၂၃၄၂၀၀၀/- | ၆၁၇၁၀၀၀/- | |
| ၉ | မှတ်တိုင်ဝက်ဆိုင် | ၃၄၉၀၀၀၀/- | ၁၇၄၅၀၀၀/- | |
| ၁၀ | ဘုရားငါးဆူဝက်ဆိုင် | ၁၆၁၀၀၀၀/- | ၈၀၅၀၀၀/- | 〃 |
| ၁၁ | သဖန်းကုန်းဝက်ဆိုင် | ၃၂၂၀၀၀/- | ၁၆၁၀၀၀/- | |
| ၁၂ | နွားခြံကုန်းဝက်ဆိုင် | ၂၄၂၀၀၀/- | ၁၂၁၀၀၀/- | |
| ၁၃ | ကြာနီကန်ဝက်ဆိုင် | ၁၁၂၀၀၀/- | ၅၆၀၀၀/- | |
| ၁၄ | မြို့မဈေးဆိတ်ဆိုင် | ၁၀၀၀၀၀/- | ၅၀၀၀၀/- | 〃 |
| ၁၅ | ရွှေတည်ဈေးဆိတ်ဆိုင် | ၁၃၀၀၀၀/- | ၆၅၀၀၀/- | |
| | အပေါင်ဆိုင်လိုင်စင်များ | | | |
| ၁၆ | ပေါင်းတည်အပေါင်ဆိုင်-၁ | ၅၉၀၀၀၀/- | ၂၉၅၀၀၀/- | သက်တမ်းတိုးစနစ် |
| ၁၇ | ပေါင်းတည်အပေါင်ဆိုင်-၂ | ၂၈၁၀၀၀/- | ၁၄၀၅၀၀/- | 〃 |
| ၁၈ | ပေါင်းတည်အပေါင်ဆိုင်-၃ | ၄၂၀၀၀၀/- | ၂၁၀၀၀၀/- | 〃 |
| ၁၉ | ပေါင်းတည်အပေါင်ဆိုင်-၄ | ၆၆၀၀၀၀/- | ၃၃၀၀၀၀/- | 〃 |
| ၂၀ | ပေါင်းတည်အပေါင်ဆိုင်-၅ | ၃၄၀၀၀၀/- | ၁၇၀၀၀၀/- | 〃 |
| ၂၁ | ပေါင်းတည်အပေါင်ဆိုင်-၆ | ၄၂၀၀၀၀/- | ၂၁၀၀၀၀/- | 〃 |
| ၂၂ | ပေါင်းတည်အပေါင်ဆိုင်-၇ | ၃၇၀၀၀၀/- | ၁၈၅၀၀၀/- | 〃 |
| ၂၃ | ပေါင်းတည်အပေါင်ဆိုင်-၈ | ၄၃၀၀၀၀/- | ၂၁၅၀၀၀/- | 〃 |
| ၂၄ | ပေါင်းတည်အပေါင်ဆိုင်-၉ | ၆၆၀၀၀၀/- | ၃၃၀၀၀၀/- | 〃 |
| ၂၅ | ပေါင်းတည်အပေါင်ဆိုင်-၁၀ | ၄၄၀၀၀၀/- | ၂၂၀၀၀၀/- | 〃 |
| ၂၆ | ဘုရားငါးဆူအပေါင်ဆိုင် | ၃၇၀၀၀၀/- | ၁၈၅၀၀၀/- | 〃 |
| ၂၇ | သဖန်းကုန်းအပေါင်ဆိုင် | ၂၂၀၀၀၀/- | ၁၁၀၀၀၀/- | 〃 |
| ၂၈ | ညောင်ပင်ကိုင်းဆွဲအပေါင်ဆိုင် | ၂၂၀၀၀၀/- | ၁၁၀၀၀၀/- | 〃 |
| ၂၉ | ထန်းသုံးခွအပေါင်ဆိုင်-၁ | ၂၇၀၀၀၀/- | ၁၃၅၀၀၀/- | 〃 |
| ၃၀ | ထန်းသုံးခွအပေါင်ဆိုင်-၂ | ၂၇၀၀၀၀/- | ၁၃၅၀၀၀/- | 〃 |

| စဉ် | လိုင်စင်အမျိုးအစား | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| | ဈေးကောက်လိုင်စင်များ | | | |
| ၃၁ | မြို့မဈေးဈေးကောက် | ၁၂၈၀၀၀၀/- | ၆၄၀၀၀၀/- | တစ်ပေါင်းတည်းပူးပေါင်း၍ |
| ၃၂ | ရွှေတည်ဈေးဈေးကောက် | ၈၂၉၀၀၀၀/- | ၄၁၄၅၀၀၀/- | ဈေးပြိုင်တင်ဒါစနစ်ဖြင့်ရောင်း |
| ၃၃ | အဖွဲ့ပိုင်မြေလမ်းနှင့်လမ်းနယ် မြေအသုံးပြုခြင်းအပေါ် စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ လိုင်စင် | ၁၄၇၃၀၀၀/- | ၇၃၆၅၀၀/- | ချပါမည်။ |
| ၃၄ | ဘုရားငါးဆူဈေးကောက် | ၃၀၀၀၀/- | ၁၅၀၀၀/- | ဈေးပြိုင်တင်ဒါစနစ် |
| ၃၅ | မှတ်တိုင်ဈေးကောက် | ၁၉၃၀၀၀၀/- | ၉၆၅၀၀၀/- | 〃 |
| ၃၆ | သဖန်းကုန်းဈေးကောက် | ၃၁၄၀၀၀/- | ၁၅၇၀၀၀/- | 〃 |
| ၃၇ | မြို့နယ်ဝင်ကြေးဘီးကောက် | ၈၂၅၀၀၀၀၀/- | ၄၁၂၅၀၀၀၀/- | သက်တမ်းတိုးစနစ် |
| | အခြားလိုင်စင်များ | | | |
| ၃၈ | နွားပွဲဈေး | ၅၇၂၀၀၀၀/- | ၂၈၆၀၀၀၀/- | တစ်ပေါင်းတည်းပူးပေါင်း၍ |
| ၃၉ | နွားပွဲဈေးစက်ဘီးအပ် | ၁၉၃၀၀၀/- | ၉၆၅၀၀/- | ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်း |
| ၄၀ | ရွှေတည်ဈေးစက်ဘီးအပ် | ၃၂၇၀၀၀၀/- | ၁၆၃၅၀၀၀/- | ချပါမည်။ |
| ၄၁ | မြို့မဈေးစက်ဘီးအပ် | ၈၃၀၀၀/- | ၄၁၅၀၀/- | 〃 |
| ၄၂ | ရွှေတည်ဈေးအိမ်သာဝင်ကြေးကောက် | ၄၇၀၀၀၀/- | ၂၃၅၀၀၀/- | ဈေးပြိုင်တင်ဒါစနစ် |
| ၄၃ | (၆)လမ်းဝင်ကြေးကောက် | ၁၁၀၀၀၀/- | ၅၅၀၀၀/- | 〃 |
| ၄၄ | ယာဉ်ရပ်နားကောက် | ၈၃၀၀၀/- | ၄၁၅၀၀/- | 〃 |
| | စုစုပေါင်း | ၁၄၄၄၂၄၀၀၀/- | ၇၂၂၁၂၀၀၀/- | |